သုံးနှစ်ပြည့် အထိမ်းအမှတ်

# သီတဂူဓမ္မဝိဟာရ သတင်းလွှာ

***Sitagu Newsletter***

Dec,27,2009 ၁၃၇၁-ခုနှစ်၊ ပြာသိုလ်လဆန်း (၁၂) ရက် Vol.(3)



ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်

**1519 County Rd, C E**
**Maplewood, MN– 55109**
**(651-797-3311**

Designed By အရှင်နာယကာလင်္ကာရ

THERAVADA BUDDHA SASANA NUGGAHA

သုံးနှစ်ပြည့် အထိမ်းအမှတ်

# သီတဂူဓမ္မဝိဟာရ သတင်းလွှာ

## စိတ်ဝင်စားဖွယ်


| | |
|---|---|
| တန်ဖိုးသိမှ တန်ဖိုးရှိ | ၁ |
| မှတ်တမ်း တင်လွှာ | ၁ |
| လက်တွဲညီညီ ဆောင်ရွက်သွားစို့သွား | ၄ |
| ပိတိကိုစား၍ ဓမ္မအားကိုမွေးကာ | ၁၇ |
| **Three Years Finance Report** | ၂၀ |
| အထွေထွေအလှူရှင် စာရင်း | ၁၁ |
| Mortgate အလှူရှင် စာရင်း | ၁၅ |


## ဆက်သွယ်ရန်

**သီတဂူဓမ္မဝိဟာရကျောင်းတိုက်**
**ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟ အသင်း**

1519, County Road C East,
Maplewood, MN 55109

Phone - (651) 797-3311
Website- www.sitagumn.org

## တန်ဖိုးသိမှ တန်ဖိုးရှိသည်

အရှင် မဟောသဓပဏ္ဍိတ

(၀၆-၂၆-၂၀၀၆)နေ့ မီနီဆိုးတားပြည်နယ်၊ စိန်ပေါမြို့ သို့ရောက်ရှိခဲ့သည်။ ညဆယ်နာရီခန့်တွင်လေယဉ်ဆိုက်ရာ ထေရဝါဒဗုဒ္ဓသာနာနုဂ္ဂဟအသင်းမှ ဥက္ကဋ္ဌ ဦးအောင်သန်း၊ အတွင်းရေးမှူး ဦးအောင်ကိုးတို့လာရောက်ကြိုဆိုကြသည်။မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ရေးအတွက်သီတဂူဆရာတော်၏တိုက်တွန်းပန်ကြားမှုဖြင့်ဆောင်ရွက်ပေးရန်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကျောင်းမရှိသေးခင်ဦးအောင်ကိုးအိမ်မှာပင်ခေတ္တတည်းခို၍ ကျောင်းနေရာများလိုက်လံရှာဖွေခဲ့ကြသည်။ အရုဏ်ဆွမ်း၊နေ့ဆွမ်းများကို ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးပင် ကြုံသလိုစီမံဆပ်ကပ်ခဲ့ကြသည်။

(၀၇-၀၅-၀၆)နေ့ ဆရာဒကာ စိတ်ကြိုက်မြေနေရာတွေ့ရှိ၍ ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှ ထိုမြေဝင်းနှင့်အိမ်ကို (ဒေါ်လာ-245.000)ဖြင့်ဝယ်ယူခဲ့သည်။ ထိုသို့အသင်းမှသတ်သတ်မှတ်မှတ်ဝယ်ယူလိုက်သဖြင့် (1519-County Road C East, Maplewood, MN-55109)နေအိမ်ကိုသီတဂူဓမ္မဝိဟာရကျောင်းအဖြစ်စတင်ဖွင့်လှစ်နိုင်ခဲ့ပေသည်။ မြန်မာဘုန်းတော်ကြီးကျောင်း ဖြစ်ပေါ်လာရေးအတွက်ဦးဇော်ဝင်းမောင်သည် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးခဲ့သည်။

(၁၀-၀၂-၀၆)နေ့တွင် အဘိဓမ္မာအခါတော်နေ့နှင့် ကျောင်းလှူတ်ပူဇော်ပွဲကို စုပေါင်းကျင့်ပခဲ့ကြသည်။ အသင်းဝင်များနည်းတူ ဗုဒ္ဓဘာသာဝင်မြန်မာပြည်ဘွား တိုင်းရင်းသားတို့ အထူးဘဲဝမ်းသာပျော်ရွှင်ခဲ့ကြသည်။ အနှစ်နှစ်အလလက မျှော်လင့်ကြိုးစားခဲ့ကြသည့် မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်ပေါ်လာ၍ အားတက်ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏စိတ်တွင် ဘုန်းတော်ကြီးနှင့်ကျောင်းမရှိခဲ့လျှင်စိတ်ထဲမှာ တခုခုလိုနေသလို အမြဲတမ်းဟာနေတတ်ကြသည်။ ထိုလိုကွက်ဟာကွက်ကို ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီးက ဖြည့်ဆည်းပေးခဲ့သဖြင့် အထူးပင်ကျေးဇူးတင်ကြသည်။

## မှတ်တမ်း တင်လွှာ

(အောက်တိုဘာလ-၁ရက်၊ ၂၀၀၆) နေ့တွင်၊ မီနီဆိုးတာပြည်နယ်၊ မေပယ်ဝုမြို့လေးနိုက် ထေရဝါဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှ ဦးစီးတည်ထောင်ခဲ့သော "သီတဂူဓမ္မဝိဟာရကျောင်းတိုက်"သည် သုံးနှစ်ခရီးကို အောင်မြင်စွာ ချီတက်ခဲ့နိုင်ပြီဖြစ်ပါသည်။ ဤသို့ ချီတက်လာရာတွင် နေ့စဉ်ဆွမ်းကွမ်းလှူဒါန်းနေသူများ၊ အခါအားလျှော်စွာ လာရောက်လှူဒါန်းကြသူများနှင့် မော့ဂေ့ဂျ် (Mortgage) အလှူရှင် ဗုဒ္ဓဘာသာဝင်တို့၏ ကူညီပံ့ပိုးမှုများသည် အဓိကအင်အားအဖြစ် ပါဝင်ခဲ့သည်။ ထိုစေတနာရှင်၊ ပါရမီရှင်

စာမျက်နှာ-၁၉ သို့

**တန်ဖိုးရှိမှ တန်ဖိုးသိ -မှ အဆက်**



ထိုကျောင်းလှတ်ပူဇော်ပွဲတွင် အင်ဒီယားနားပြည်နယ်၊ဖို့ဝိန်းမြို့မှ အရှင်ဝိစက္ခဏကိုလည်း ပင့်ခဲ့ကြသည်။ ဆရာတော်အသျှင်ဝိစက္ခဏသည်လည်းမြန်မာဘုန်းတော်ကြီးကျောင်းဖြစ်ပေါ်လာရေးအတွက်အဖက်ဖက်မှအားပေးဆောင်ရွက်ခဲ့လေသည်။

(၀၂-၂၅-၀၇)နေ့တွင် သီတဂူဓမ္မဝိဟာရကျောင်း၌ဗုဒ္ဓပူဇနိယပွဲတော်ကိုကျင်းပခဲ့ကြသည်။ ကျောင်းသစ်တွင် ဦးလှမောင်+ဒေါ်ခင်ထွေးတင်၊ သမီး-မမာလာ၊ သား-ကိုကိုဇော်မိသားစုတို့က ဉာဏ်တော်အမြင့်(၃)ပေရှိ ရုပ်ပွားဆင်းတုတော်တဆူကို ပူဇော်လှူဒါန်းခဲ့ကြပါသည်။

ထိုရုပ်ပွားတော်ကို အသင်းဥက္ကဌကြီးကိုယ်တိုင်မြန်မာပြည်မှ လေယဉ်ဖြင့်ပင့်ဆောင်လာခဲ့ရာ စံကျောင်းတော်သို့ (10-23-06) နေ့ကရောက်ရှိတော်မူခဲ့ခြင်းဖြစ်ပါသည်။ဆင်းတုရုပ်ပွားတော်ကြီးကိုဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲနှင့်တွဲကာ ဓမ္မာရုံရေစက်ချပွဲကိုပူးတွဲကျင်းပနိုင်ခဲ့သည်။ ဤဓမ္မာရုံဖြစ်ပေါ်ခြင်းမှာလည်း
ဖို့ဝိန်းဆရာတော်လေးအသျှင်ဝိစက္ခ

အအေးအပူတပ်ဆင်ရန်လိုအပ်သည့်ကိရိယာများ ပံ့ပိုးမှုတို့ကြောင့်ပင်ဖြစ်ပါသည်။

မီနီဆိုးတားပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးကလည်း ငွေအား၊ လူအား၊ ပစ္စည်းအားတို့ဖြင့် အစွမ်းကုန်စိုက်ထုတ်ဆောင်ရွက်ခဲ့သည်။ ပစ္စည်းဖိုး၊ ဆေးဖိုးလောက်သာကုန်ကျ၍ဆေးသုတ်ခ၊ လက်ခစသည်တပြားတချပ်မှ မကုန်ရပေ။ ပေ(၂၅)ပေပတ်လည်အကျယ်ရှိ ကားဂိုဒေါင်သည် ယခုအခါ သံဃာစင်၊ ကော်ဇော်များ မီးအလှများဖြင့် ဝေဝေဆာဆာတင့်တယ်လျက်ရှိနေပါတော့သည်။ ကူညီဆောင်ရွက်လှူဒါန်းခဲ့ကြသောသာသနာ့အကျိုးဆောင်ပုဂ္ဂိုလ်အားလုံးတို့အားထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီးမှ အထူးမှတ်တမ်းတင်ဂုဏ်ပြုလျက်ရှိပါသည်။

ဤဗုဒ္ဓပူဇနိယပွဲတော်နှင့်ဓမ္မာရုံဖွင့်ပွဲအခမ်းနားတွင်အသျှင်အရိယဓမ္မ(ဒေါ်စတင်) အသျှင် ပညာဇောတ(ဖလော်ရီဒါ) အသျှင်ဝိစက္ခဏ(ဖို့ဝိန်း)ဆရာတော်များကိုလည်း ပင့်ဖိတ်ပေးသဖြင့် ဝမ်းမြောက်ကြည်ညိုဘွယ်ရာဖူးတွေ့ကြခဲ့ရပါသည်။ ဘုန်းတော်ကြီးကျောင်းရှိ လာသဖြင့်ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များဘုရားတရားသံဃာတော်များကြည်ညိုခွင့်၊ ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေးပစ္စည်း လေးပါးလှူဒါန်းခွင့်ရကြသည်။ ဒါနသီလဘာဝနာကုသိုလ်သုံးမျိုးကိုအားထုတ်ခွင့်ရရှိကြသဖြင့်လူ့ဘဝအရတော်လေစွ၊လူ့ဘဝတန်ဖိုးကြီးမြတ်လှပါပေစွ။

(၄-၁၄-၀၇)နေ့တွင်သီတဂူဓမ္မဝိဟာရကျောင်းတိုက်၌ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကျင်းပခဲ့ကြသည်။ သရဏဂုံသီလဆောက်တည်၍ နှစ်သစ်ကူးတရားတော်ကိုကြည်နူးရွှင်ပျနာယူကြသည်။ သက်ကြီးရွယ်အို အဘိုး



*သီတဂူဓမ္မဝိဟာရကျောင်းတော်*

ဘုန်းတော်ကြီးကျောင်းရှိလာသဖြင့်
ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များ
ဘုရားတရားသံဃာတော်များ
ကြည်ညိုခွင့်၊
ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေးပစ္စည်း
လေးပါးလှူဒါန်းခွင့် ရကြသည်။
ဒါနသီလဘာဝနာကုသိုလ် သုံးမျိုးကို
အားထုတ်ခွင့်ရရှိကြသဖြင့်
လူ့ဘဝအရတော်လေစွ၊
လူ့ဘဝတန်ဖိုးကြီးမြတ်လှပါပေစွ။

## သီတဂူအဓိဌာန်

ငါတို့ ဖြစ်ရ၊
ဤလောကဝယ်၊
ဘဝသမိုင်း၊
မရိုင်းစေရန်၊
စိတ်မာန်မချ၊
မာနမပါ၊
ဒို့ စွမ်းရာဖြင့်၊
ဒို့ သာသနာ၊
ဒို့ ပြည့်ရွာကို၊
သာယာစေမှု၊

**တန်ဖိုးရှိမှ တန်ဖိုးသိ -မှ အဆက်**

အဘွားတို့အား ဩကာသကန်တော့ချီးဖြင့် သံပြိုင်ညီညာကန်တော့၍ ပစ္စည်းဝတ္ထုများ ပေးအပ်လှူဒါန်းကြသည်။ မြန်မာရိုးရာနှစ်သစ်ကူးပွဲတော်တွင် မြန်မာလုံချီအင်္ကျီဆင်ယင်ထားကြသော လုံမပျိုလေးတို့၏ အလှမှာလည်းရွှေရည်ရွှေ သွေးဖြန်းသည့်ပိတောက်ပန်းအလှကဲ့သို့ မြူးကြွနေသည်။ အားလုံးမြန်မာပြည်အတိုင်းပဲဆိုတော့ ကိုင်းဘာလိုသေးလဲ။ ကိုယ့်ရပ်ကိုယ့်ရွာကကိုယ့်ကျောင်းမှာလို ကျွန်ုပ်တို့ပျော်နိုင်ပါးနိုင်၊မော်နိုင်ကြွားနိုင်ကြပါပြီ။ ဘုန်းကြီးကျောင်း ရှိနေတဲ့အရသာကို အပြည့်အဝခံစားရသည်။

(၀၇-၂၂-၀၀၇)နေ့တွင်ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကိုကျောင်းမှာကျင်းပသည်။ ပရိသတ်တွေအထူးစည်းကားသည်။ သီတဂူဆရာတော်အားလာရောက်အနီးကပ်ဖူးမျှော်သူတွေများလှသည်။ ဆရာတော်နှင့်ပရိသတ်ရင်းရင်းနီးနီးတွေ့ဆုံ၍ ကြည်နူးပျော်ရွှင်စွာ အမိုက်ပုံ ယင်အုံ၊ ပန်းရုံပျားအုံ တရားတော်ကိုချီးမြှင့်သွားတော်မူသည်မှာစွဲ၍ပင်ကျန်ရစ်ပါ၏။ မီနီဆိုးတားတွင် ဘုန်းတော်ကြီးကျောင်းရှိလာသဖြင့် ဤကဲ့သို့သော သာသနာ့ဂိုဏ်းတွင် စံတော်ဝင်ပုဂ္ဂိုလ်များဖြစ်ကြသော မဟာထေရ်များကို အနီးကပ်ဖူးမျှော်ခွင့်ရရှိကြခြင်းဖြစ်ပါသည်။

ဤကျောင်းဖြစ်မြောက်အောင်ကြိုးစားသူများနှင့်၊ဤကျောင်းတော်တည်တန့်အောင် လစဉ်အလှူငွေထည့်ဝင်လှူဒါန်းနေသူများအားတွေးမိတိုင်းကျေးဇူးတင်၍မဆုံးတော့ပေ။ မည်သည့်အရာမဆိုတန်ဖိုးသိသူများအတွက်တန်ဖိုးရှိလှပါ၏။ ဗုဒ္ဓဘာသာဝင်တို့အားပျော်ရွှင်ငြိမ်းချမ်းမှုရအောင်၊ ခလေးသူငယ်များအားမြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များရအောင်နေ့စဉ်ရွှေဥကြီးတလုံးဥပေးနေသော ဤဘုန်းတော်ကြီးကျောင်းသည်ကား တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် တန်ဖိုးကြီးပါပေစွ။

## သီတဂူဓမ္မဝိဟာရကျောင်းတိုက်
## နိဗ္ဗာန် နေ့စဉ် ဆွမ်းအလှူရှင်များ

| | | |
|---|---|---|
| တနင်္ဂနွေ | ကိုစံမြင့်+မသန်းသန်းဝင်း မိသားစု | နေ့ဆွမ်း |
| တနင်္ဂနွေ | ကိုကျော်မျိုးမောင်+ မလမင်းမောင် | နေ့ဆွမ်း |
| တနင်္လာ | ကိုချင်းမိသားစု | နေ့ဆွမ်း |
| အင်္ဂါ | ကိုရဲဒင်+မအေးအေးဝင်း မိသားစု | နေ့ဆွမ်း |
| ဗုဒ္ဓဟူး | (ဦးခမ်းကို)ဒေါ်နန်းသီတာ မိသားစု | နေ့ဆွမ်း |
| ကြာသာပတေး | ဦးအောင်ကိုး+ဒေါ်မြင့်သူ မိသားစု | နေ့ဆွမ်း |
| သောကြာ | ဦးအောင်သန်း+ဒေါ်တင်လှ | နေ့ဆွမ်း |
| စနေ | ကိုထွန်းနိုင်+မဂျူးဂျူး မိသားစု | နေ့ဆွမ်း |

**ဘုန်းကြီးကျောင်းသို့ သွားကြမယ်**

ကျမတို့ ပြည်မြန်မာ
သည်ချိန်ခါ ကျွတ်သီတင်းပေမို့
ကန်ရေပြာ ရွှေကြာတွေ
သင်းပြီလေ

အဖိုးအဖွားတို့
ကျောင်းသွားဘို့ ဆွမ်းအုပ်ပြင်
တောင်ဝှေးကို အသာငင်လို့
အပေါ်တင် တဘက်
သိုင်းလျက် ထွက်လာ
သောက်စရာ ဖက်ဆေးလိပ်
ဘေးအိမ်မှာ အသာထည့်လို့
နှုတ်မြွက် ခေါ်ငင်
"လာဟေ့..ရှင်ဒွေးလှ
ဥပုသ်စောင့် သွားကြစို့" တဲ့။

ချစ်ကြသည့် အသဲနှလုံး
သက်ဆုံးတိုင် ကြင်နာ
ဇရာပင် အိုအို
အလှတွေ ပျိုနုဆဲ
အေးချမ်းတဲ့ ဘဝလမ်းမှာ
လျှောက်လမ်း နေကြဆဲပေါ့။

အကိုရေ ...ဒို့များလဲ
အဖိုးအဖွားတွေ အားကျ
ဒို့လဲ ကျောင်းသွားကြမယ်
မီနီဆိုးတား ပြည်နယ်က
မေပယ်ဝုမြို့လေးမှာ
ဘုန်းတော်ကြီး ကျောင်းဟာ
သာယာ ဆိတ်ငြိမ်သတဲ့
နှလုံးအိမ် ကြည်ကြည်နူး
ဝွမ်းဆီစိမ့် ပီတိ လူးပြီး
တူမောင်မယ် ရွှင်ရွှင်မြူးလို့
နိဗ္ဗာန်နယ် ကူးကြမယ်နော်...။

# လက်တွဲညီညီ ဆောင်ရွက်သွားစို့

ယခုအခါတွင် အမေရိကန်နိုင်ငံသို့ အကြောင်းအားလျော်စွာ ပြောင်းရွှေ့နေထိုင်လာကြသူတွေ များပြားလာပြီဖြစ်သည်။ ပြည်နယ်အသီးသီး၌ ရောက်ရှိလာကြသော သူတို့ကမိမိတို့ ကိုးကွယ်ရင်းဘာသာကို မစွန့်လွှတ်ဘဲ ဦးထိပ်ထားကိုးကွယ်ကြသည်။

ခရစ်ယံဘာသာဝင်တို့က ချာ့ချ်ဘုရားရှိခိုးကျောင်းသို့ သွားခြင်း၊ ကိုယ်ပိုင်ဘုရားရှိခိုးကျောင်း တည်ထောင်ခြင်းများ ပြုလုပ်ကြသည်။ အလားတူပင် ဗုဒ္ဓဘာသာဝင်တို့ကလည်း မိမိတို့ရောက်ရှိရာပြည်နယ်၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ တည်ထောင်၍ရဟန်းတော်များ ပင့်ဖိတ်ကိုးကွယ်ကြသည်။

လွန်ခဲ့သည့်ဆယ်နှစ်ခန့်က ဝါရှင်တန်ဒီစီ၊နယူးယောက်၊ချီကာဂို၊ နှင့်ကာလီဖိုးနီးယားပြည်နယ်များ၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ အနည်းငယ်မျှသာရှိခဲ့သည်။ ယခုအခါတွင် အမေရိကန်တပြည်လုံး၌ ကျောင်းပေါင်း (၆၉)ကျောင်းရှိ၍ ရဟန်းတော်ပေါင်း(၁၂၈)ပါးကျော်မျှ သီတင်းသုံးနေထိုင်လျက်ရှိပေသည်။

ကာလီဖိုးနီးယားပြည်နယ် တခုတည်းမှာပင် ဘုန်းတော်ကြီးကျောင်းပေါင်း (၁၆)ကျောင်းမျှရှိ၍ ဝါရှင်တန်ပြည်နယ်၊ အောရီဂွန်၊ တက္ကဆက်၊အရစ်ဇိုးနား၊ မက်ဆာချူးဆက်၊ အင်ဒီယားနား၊ နော့သ်ကာရိုလိုင်းနားပြည်နယ်များ၌လည်း မြန်မာဘုန်းတော်ကြီးကျောင်းများ ရှိလာပြီးဖြစ်သည်။ ယခုနောက်ဆုံးပေါ်ထွက်လာသောကျောင်းကာ မီနီဆိုးတားပြည်နယ် မေပယ်ဂုမြို့လေးမှ သီတဂူဓမ္မဝိဟာရကျောင်းပင်ဖြစ်သည်။ ဤကျောင်းတိုက်ဖြစ်ပေါ်လာရေးအတွက် ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကို ဖွဲ့စည်းတည်ထောင်ကာ မီနီဆိုးတားပြည်နယ်ရောက် မြန်မာဗုဒ္ဓဘာသာဝင်တို့ သုံးနှစ်ကျော်ကြာမျှ ကြိုးစားခဲ့ရပေသည်။

မည်သည့်ကိစ္စတိုင်းမှာမဆို မျှော်မှန်းချက်ကြီးလေ ပို၍ပို၍ အားထုတ်ကြိုးပန်းရလေဖြစ်သည်။ ဗုဒ္ဓလောင်းလျာသည် ဘုရားဖြစ်ရန် ရည်သန်၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း မြင့်မြတ်သော ပါရမီလုပ်ငန်းများကို ကြိုးပမ်းခဲ့ရသည်။ နောက်ဆုံးဘဝဗုဒ္ဓအဖြစ်သို့ရောက်ရန် ခြောက်နှစ်တာမျှ ခက်ခဲပင်ပန်းစွာ အားထုတ်ခဲ့ရသည်။ ဤသို့စိတ်ရှည်ဖွဲ့သန်စွာဖြင့် အရာရာသည်းခံ အားထုတ်ခြင်းကြောင့်ပင် မျှော်မှန်းသည့် ပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းသည် ကျောင်းဖြစ်ပေါ်လာရေးအတွက် ပြည်နယ်အသီးသီးမှ ရဟန်းတော်များကို ပင့်ဖိတ်၍ တရားပွဲများ ကျင်းပခဲ့သည်။ ကျောင်းဖြစ်မြောက်ရေးအတွက် စုပေါင်းအလှူငွေများ ကောက်ခံခဲ့သည်။ ဤအလှူငွေ၂-သောင်းကျော်ကိုမတည်၍ ယနေ့ သီတဂူဓမ္မဝိဟာရကျောင်းတော်ကိုစတင်တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဤသို့အလှူငွေများများရရှိရေးအတွက်တရားပွဲများကျင်းပခဲ့ရာတွင် ကိုယ်ပိုင်အဆောက်အဦမရှိသဖြင့် အခြား အသင်းအဖွဲ့များပိုင် အဆောက်အဦတို့ကို အခကြေးငွေပေး၍ ငှားရန်း အသုံးပြုခဲ့ရသည်။

ယခုအခါအသင်းပိုင်ကျောင်းတော်ကိုဝယ်ယူနိုင်ပြီဖြစ်သဖြင့်ဘာသာရေးပွဲတော်များ၊ တရားပွဲများ အချိန်မရွေးပြုလုပ်ကျင်းပနိုင်ပြီဖြစ်ပါသည်။ ဘာသာမရွေး လူမျိုးမရွေး၊ မြန်မာတိုင်းရင်းသားအားလုံး လာရောက်နိုင်သည်။ ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ မင်္ဂလာဆောင်အခမ်းအနားများ၊ အလှူပွဲများ၊ မွေးနေ့မင်္ဂလာမွဲများ လာရောက်ပြုလုပ်နိုင်ပါသည်။

မိမိတို့၏ ရင်သွေးလေးများကိုလည်း တနင်္ဂနွေနေ့တိုင်း ဘာသာရေး ယဉ်ကျေးမှုသင်တန်းသို့ ပို့ချနိုင်ပြီဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်းဟူသည် ဗုဒ္ဓဘာသာဝင် အားလုံးတို့၏ "ကုသိုလ်ပြုရာ ဆိပ်ကမ်းသာ"ဖြစ်သည်။ ခလေးများအတွက် "ဘာသာယဉ်ကျေးမှုပျိုးခင်း"ဖြစ်သည်။ ပျော်ရွှင်မြူးတူးရာ "ကစားကွင်း"ဖြစ်သည်။ မိမိတို့ရင်သွေးများ အလိမ္မာတိုး ယဉ်ကျေးဘို့အတွက် ရှာဦးကျောင်းသည် "မီးပြတိုက်"ပင်ဖြစ်သည်။ အခြားဘာသာဝင်တို့သည် တပတ်တွင်တရက် ဘာသာရေးအတွက် အချိန်ပေးသလို မိမိတို့ဗုဒ္ဓဘာသာဝင်များလည်း ဘာသာရေးအတွက် တရက်တော့အချိန်ပေးသင့်သည်။ ငွေကြေးနောက်ချည်းမလိုက်ဘဲ တပတ်တွင် တရက်တော့ မိသားစုအားလုံး ကျောင်းမှာလာ၍ နွေးထွေးစွာနေသင့်ကြောင်း အကြံပြုလိုက်ပါ၏။

သုံးနှစ်သုံးမိုး သန္ဓေတည်၍ လာခဲ့ရာ ၂၀၀၆-ခုစက်တင်ဘာ-၅ရက်၊ အင်္ဂါနေ့တွင် သီတဂူဓမ္မဝိဟာရကျောင်းတိုက် အမည်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းကြီးကျောင်းကို စတင်ဝယ်ယူတည်ထောင်နိုင်ခဲ့ပြီးဖြစ်ပါသည်။

*ဘုန်းတော်ကြီးကျောင်း ဟူသည် ဗုဒ္ဓဘာသာဝင် အားလုံးတို့၏ "ကုသိုလ်ပြုရာ ဆိတ်ကမ်းသာ"ဖြစ်သည်။ ခလေးများအတွက် "ဘာသာယဉ်ကျေးမှုပျိုးခင်း" ဖြစ်သည်။ ပျော်ရွှင်မြူးတူး ရာ "ကစား ကွင်း"ဖြစ်သည်။ မိမိတို့ရင်သွေးများ အလိမ္မာ ယဉ်ကျေးဘို့အတွက် ရှာဦးကျောင်းသည် "မီးပြတိုက်"ပင်ဖြစ်သည်။*

အခြားဘာသာဝင်တို့သည်
တပတ်တွင်တရက်
ဘာသာရေးအတွက်
အချိန်ပေးသလို
မိမိတို့ဗုဒ္ဓဘာသာဝင်များလည်း
ဘာသာရေးအတွက်
တရက်တော့
အချိန်ပေးသင့်သည်။

ငွေကြေးနောက်ချည်းမလိုက်ဘဲ
တပတ်တွင် တရက်တော့
မိသားစုအားလုံး
ကျောင်းမှာလာ၍ နွေးထွေး
စွာနေသင့်ကြောင်း
အကြံပြုလိုက်ပါ၏။

လက်တွဲညီညီ ဆောင်ရွက်သွားစို့-မှအဆက်

ဤကျောင်းတိုက်ဝင့်ဝင့်ကြွားကြွားပေါ်ထွက်လာခဲ့သည့်အတွက် အခြားပြည်နယ်များနည်းအတူ မီနီဆိုးတားပြည်နယ်မှ ဗုဒ္ဓဘာသာဝင်တို့လည်း အူလိုက်သဲလိုက် ဝမ်းမြောက်ဂုဏ်ယူနိုင်ကြပြီဖြစ်ပါသည်။

ဤကျောင်းတိုက် ဆက်လက်တည်တန့်ခိုင်မြဲရေးအတွက် "ငွေအား လူအား လုပ်အား အကြံဉာဏ်အား" **များဖြင့် ထာရပ့်ပိုး ကူညီ၍ လက်တွဲ ညီညီဆောင်ရွက်သွားကြပါရန် ဗုဒ္ဓဘာသာဝင် အားလုံးတို့အား တိုက်တွန်းလိုက်ရပေသည်။**

အရှင်မဟောသဝေပဏ္ဍိတ

**သီတဂူဓမ္မဝိဟာရကျောင်းတိုက်**
**၂၀၀၉-ခုနှစ်၊ Mortgage**
**အလှူရှင်များ စာရင်း**

၁။ ဦးအောင်သန်း + ဒေါ်တင်တင်လှ
၂။ ဦးအောင်းကိုး + ဒေါ်မြင့်မြင့်သူ မိသားစု
၃။ ကိုတိုးလွင် + မပိုးပိုးမြင့်
၄။ ဦးစိန် + (ဒေါ်လှအေး) မိသားစု
၅။ ဒေါက်တာဝင်းချိုလှိုင် + ဒေါက်တာရီရီချို
၆။ ကိုနေလင်း (Sushi Avenue Ine)
၇။ ဒေါက်တာအငယ်လေး + မနန်းဆိုင်ထွေး မိသားစု
၈။ ကိုကျော်မျိုးမောင် + မလမင်းမောင်
၉။ ကိုထွန်းအေးသန်း +မဖြူဖြူမင်း မိသားစု (MI)
၁၀။ ကိုအောင်မြင့်ထွန်း + မမြတ်သန္တာထွန်း မိသားစု
၁၁။ ကိုထွန်းနိုင် + မဂျူးဂျူး မိသားစု
၁၂။ ကိုကျော်စင်မောင် + မသီတာခိုင် မိသားစု
၁၃။ ကိုသန်းဇော် + မခင်ဝင်းမော် မိသားစု
၁၄။ ကိုတင်အောင် + မမာလာစန်း မိသားစု
၁၅။ ကိုဝင်းဆန်း + ဒေါက်တာခင်ခင်မျိုး မိသားစု
၁၆။ ကိုကိုအောင် ( KT-Sushi)
၁၇။ ဒေါ်ခင်ထွေးတင်အမှူးထား၍ သား-ကိုဇော်လင်း မိသားစု
၁၈။ Steven Boss + မဥမ္မာခိုင်

မောဂိတ် အလှူရှင် စာရင်းမှ အဆက်

၁၉။ ကိုပီတာ + မခင်အောင်အောင်ဝင်း မိသားစု
၂၀။ ကိုကိုထွေး + မညီညီစိုး မိသားစု
၂၁။ မစန္ဒီစိုးထွေး
၂၂။ မခင်အေးမူ
၂၃။ ကိုအောင်မျိုးဦး + မနွယ်နီညွန့်
၂၄။ ဒေါက်တာကျော်နိုင် + ဒေါက်တာချိုချိုလေး မိသားစု
၂၅။ ဒေါက်တာဖွံ့ဖြိုး + မယုယုအောင် မိသားစု
၂၆။ ကိုမျိုးသူရိန်ဒွေး + မတင်ဇာမောင်
၂၇။ ကိုဇော်ခနိုင်
၂၈။ ဦးဇော်ထွန်းဝေ မိသားစု
၂၉။ ဦးချစ်မောင် + ဒေါ်နု မိသားစု
၃၀။ ဦးဇော်ဝင်းမောင် + မမွှေးသူဇာ
၃၁။ ကိုအောင် + မယုပင်အောင် မိသားစု
၃၂။ ကိုဘွန်ချမ်း + မလှိုင်လေးခိုင်
၃၃။ ဦးစိန်မြင့် + ဒေါ်စိုစိုးမော် (Fargo)
၃၄။ ဒေါက်တာ ထွေးထွေးလွင် (Fargo)

**စစ်ကိုင်းတောင်ရိုး၊ မဟာဝိဇ္ဇောဒယ ဆရာတော်ကြီး၏**
**ဆုံးမစာ**

ကံရိုကံမွဲ ဆင်းရဲကံတံ ဆက်ဆံပေါင်းသင်း လူခပင်းကို
ကိုယ်ချင်းစာနာ ကရုဏာနှင့် မေတ္တာပြန့်ပွား သကာပြားသို့
စကားနှုတ်ချို ရန်မလိုပဲ ကိုယ့်ကိုနှိမ်ထား သူမြှောက်စား၍
ထောင်လွှားကင်းဘိ အဆံပြည့်သည့် ကောက်၏ခိုင်ညွှာ
ညွှတ်ကိုင်းလာသို့ ပညာနေ ယသဘုန်းဂုဏ် အဖုံဖုံတို့
ပြည့်စုံလေလေ ညွှတ်လေလေနှင့်
စိတ်နေပျော့ပျောင်း ယှဉ်မှုကောင်း၏။

အပေါင်းအစည်း မေတ္တာနည်း၍ လူလည်းမချစ် နတ်မချစ်နှင့်
အပြစ်များကာ အရာရာဝယ် ငါသာငါနှင့် နိုင်းယှဉ်သင့်ဟု
မိုးမြင့်ဘုံဖျား မှန်ကင်းလားသို့ တက်ကြွားမြင့်မောက် ခြေဖျားထောက်လျက်
ဘုဘောက်ပြောကာ ကျယ်စွာစွာနှင့် ယုတ်မာညစ်ဆိုး နွားကျစ်သိုးသို့
ကိုးယိုးကားယား လူမှန်းများအောင် စကားဖောင်ဖောင် ချိုမထောင်နှင့်
အမောင်အမိ ရိုးမြေထိအောင် သတိတရား အမြဲထားလော့ ရိုးသားဖြောင့်စင်း
လိမ္မာခြင်းနှင့် မိုက်ခြင်းတဖြာ သာယာချိုအေး ယဉ်ကျေးကြမ်းကြုတ်
အယုတ်အမြတ် နူးဆက်ပျော့မာ စိတ်ကြောင့်သာလျှင် သေချာဝေခွဲ
အရိုးစွဲအောင် အမြဲမှန်စွာ ဉာဏ်ပညာနှင့် မေတ္တာစိတ်ထား အချစ်ပွား၍
တရားမကျွာ အရာရာ၌ လိမ္မာယဉ်ကျေး စိတ်ကောင်းမွေးလျက် လူရေးလူရာ
သူ့ထက်သာအောင် ပညာရှိနည်း ရွှေ့ရွှေ့ဆည်းလော့ ရှင်လည်းကားယား
သေကားယားနှင့် ထင်ရှားလူ့ဘောင် ပင့်ကူကောင်လို
အမောင်မဖြစ်စေနှင့်နော အမိမဖြစ်စေနှင့်နော။

# သီတဂူဓမ္မဝိဟာရကျောင်းတိုက်
# ၀၈-၀၂-၂၀၀၉-ခုနှစ်၊
# ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ
# အလှူရှင်များ စာရင်း

| အလှူရှင် | အရေအတွက် | တန်ဖိုး |
|---|---|---|
| ဒေါ်ကျင်ဆိုင် အမှူးထား၍ သားသမီးတစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုအောင်+မယုပင်အောင် မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုကျော်မျိုးမောင်+မလမင်းမောင် | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးဝင်းလှိုင်+ဒေါ်ခင်စန်းမြင့် | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးဇော်ဝင်းမောင်+မမွှေးသူဇာ | ဒွိစုံ (၂)စုံ | ဒေါ်လာ—၁၀၀ |
| ဦးအောင်ကိုး+ဒေါ်မြင့်မြင့်သူ မိသားစု | ဒွိစုံ (၂) | ဒေါ်လာ—၁၀၀ |
| ဦးစိန်လွင်+ဒေါ်ခင်မျိုးဆွေ မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဒေါက်တာဝင်းချိုလှိုင်+ဒေါက်တာရီရီချို | ဒွိစုံ (၂)စုံ | ဒေါ်လာ—၁၀၀ |
| ကိုညီညီ+မသိန်းသိန်းမြင့် | ကောသီတထည် | ဒေါ်လာ—၃၀ |
| ဒေါ်ခင်ထွေးတင်မိသားစု | ဒွိစုံ (၂)စုံ | ဒေါ်လာ—၁၀၀ |
| ကိုဇော်မှိုင်း+မကြည်ကြည်လွင် မိသားစု | ကောသီတထည် | ဒေါ်လာ—၃၀ |
| ဦးချစ်မောင်+ဒေါ်န မိသားစု | သင်းပိုင်တထည် | ဒေါ်လာ—၂၀ |
| ကိုပီတာ+မခင်အောင်အောင်ဝင်း မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| မမြတ်စုမွန် (နယူးယောက်) | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဒေါက်တာဖွဲ့ဖြိုး+မယုယုအောင် မိသားစု | ဒွိစုံ (၂)စုံ | ဒေါ်လာ-၁၀၀ |
| ဒေါ်အကြိန် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ဒေါ်လှတင် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ဦးအောင်ကြိုင် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုနိုင်+မခင်ဇင်လတ် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုဇော်ခနိုင် | သင်းပိုင် နှစ်ထည် | ဒေါ်လာ-၄၀ |
| ကိုထွန်းအေးသန်း+မဖြူဖြူမင်း (MI) | ဒွိစုံ | ဒေါ်လာ-၅၀ |
| ဦးအောင်သန်း+ဒေါ်တင်တင်လှ | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုတိုးလွင်+မပိုးပိုးမြင့် | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုအောင်ဆန်းဦး+မမစောမြတ်မွန် | ဒွိစုံ | ဒေါ်လာ-၅၀ |

# သီတဂူဓမ္မဝိဟာရကျောင်းတိုက်
# ၁၀-၂၅-၂၀၀၉- ခုနှစ်
# ကထိန်သင်္ကန်း ကပ်လှူပွဲ
# အလှူရှင်များ စာရင်း

| အလှူရှင် | အရေအတွက် | တန်ဖိုး |
|---|---|---|
| ဒေါ်ကြင်ဆိုင်အမှူးထား၍ သားသမီးမြေး တစုကောင်းမှု | ဥတ်မကြီးသင်္ကန်း အလှူတော် | ဒေါ်လာ—၃၀၀ |
| နှစ်ဘက်သော မိဘများကိုအမှူးထား၍ ဦးအောင်ကိုး+ဒေါ်မြမ့်မြင့်သူ မိသားစု | ဥတ်မကြီးသင်္ကန်း အလှူတော် | ဒေါ်လာ-၃၀၀ |
| ဒေါ်ခင်ထွေးတင်အမှူးထား၍ ကိုစကော့+မမာလာ | ဥတ်မကြီးသင်္ကန်း အလှူတော် | ဒေါ်လာ—၃၀၀ |
| ဦးစိန် (ဒေါ်လှအေး) အမှူးထား၍ ဒေါ်လှလှစိန် | ဥတ်မကြီးသင်္ကန်း အလှူတော် | ဒေါ်လာ—၃၀၀ |
| ဦးချစ်မောင်+ဒေါ်န မိသားစု | ဆရာတော်နှစ်ပါးအတွက် ခရီးစရိတ် | ဒေါ်လာ-၂၃၀ |
| မညိုထွေး မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဒေါ်ခင်ဝင်း | ဒွိစုံ | ဒေါ်လာ—၅၀ |
| Randy+Kelly Chu Fu | ဒွိစုံ (၂)စုံ | ဒေါ်လာ—၁၀၀ |
| ကိုရဲဒင်+မအေးအေးဝင်း မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုသန်းဇော်+မခင်ဝင်းမော် မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုထွန်းနိုင်+မဂျူးဂျူး မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| မအောစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုအောင်မျိုးဦး+မနွယ်နီညွန့် | ဒွိစုံ | ဒေါ်လာ—၅၀ |
| မပင်လီမိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုတိုးလွင်+မပိုးပိုးမြင့် | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးဇော်ဝင်းမောင်+မမွှေးသူဇာ | ဒွိစုံ | ဒေါ်လာ—၅၀ |
| ကိုဇော်ခနိုင် | ဧကသီ နှစ်ထည် | ဒေါ်လာ—၆၀ |
| ဦးစိန်မြင့်+ဒေါ်စိုးစိုးမောင် (Fargo) | ဒွိစုံ (၂)စုံ | ဒေါ်လာ—၁၀၀ |
| ကိုအထင်း+မဥမ္မာ မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးသိန်းထွဋ်+ဒေါ်ခင်ဝေ မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးစိန်လွင်+ဒေါ်ခင်မျိုးဆွေ မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| မောင်ရှဖုန်း | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးဇော်ထွန်းဝေ မိသားစု | ဒွိစုံ | ဒေါ်လာ—၅၀ |
| ဦးကောင်းအားရည်စူး၍ ဒေါ်အကြိန်နှင့် စင်ဒီ | ဒွိစုံ | ဒေါ်လာ—၅၀ |

ကထိန်သင်္ကန်း အလှူရှင် စားရင်းမှ အဆက်

| အလှူရှင် | အရေးအတွက် | တန်ဖိုး |
|---|---|---|
| ကိုစောဂျိန်း မိသားစု (ဒေါ်ဝင်းမေအားရည်စူး၍) | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုအောင်နိုင်စိုး မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ဒေါ်လှတင် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုဝင်းဗိုလ်+မသန်းသန်းအေး မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုအောင်လွင် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုစသန်းမြင့် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုအောင်မိုး+မမိုးခင် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ဒေါက်တာဝင်းချိုလှိုင်+ဒေါက်တာရီရီချို | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုမြင့်သူ မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုဝင်းနိုင်+မမဲလုံး မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုချင်း+မလေး မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုချင်ကျော်ထွန်း+မလှလှထွန်း မိသားစု | ဒွိစုံ (၂)စုံ | ဒေါ်လာ-၁၀၀ |
| ကိုဇာနည်+မလင်းလင်း မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုပီတာ+မခင်အောင်အောင်ဝင်း မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| မီရွှဲ+နီကို (မိခင်ကြီးဒေါ်ဝင်မေးအားရည်စူး) | ဒွိစုံ | ဒေါ်လာ-၆၀ |
| ကိုအောင်+မယုပင်အောင် မိသားစု | ဒွိစုံ | ဒေါ်လာ-၆၀ |

ကထိန်သင်္ကန်း အလှူရှင် စားရင်းမှ အဆက်

| **အလှူရှင်** | **အရေအတွက်** | **တန်ဖိုး** |
|---|---|---|
| ကိုမောင်မောင်+ကေဂျာနန်း မိသားစု | ဒွိစုံ (၂)စုံ | ဒေါ်လာ-၁၀၀ |
| ကိုတင်အောင်+မမာလာချမ်း မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုကျော်စင်မောင်+မသီတာခိုင် မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |
| ကိုဇော်မိုင်း+မကြည်ကြည်လွင် မိသားစု | ကောသီ | ဒေါ်လာ-၃၀ |
| ဒေါ်ဖွားခင် မိသားစု | ကောသီ | ဒေါ်လာ-၃၀ |
| ဦးမန်းကျော်နိုင် မိသားစု | ကောသီ တထည် | ဒေါ်လာ-၃၀ |
| ဦးသိန်းမောင်ချစ် မိသားစု | ကောသီ တထည် | ဒေါ်လာ-၃၀ |
| ဒေါ်မှုနော် | ကောသီ တထည် | ဒေါ်လာ-၃၀ |
| ဒေါ်ညိုအေး မိသားစု | ကောသီ တထည် | ဒေါ်လာ-၃၀ |
| အာကိုး မိသားစု | ကောသီ တထည် | ဒေါ်လာ-၃၀ |
| ဦးသန်းလွင် မိသားစု | ကောသီ တထည် | ဒေါ်လာ-၃၀ |
| ကိုအောင်နိုင်ဦး မိသားစု | ကောသီ တထည် | ဒေါ်လာ-၃၀ |
| ကိုကျော်ပေါ်ထူး | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ကိုစိန်သင် မိသားစု | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ကိုတင်နိုင်စိုး မိသားစု | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ကိုနေမင်းစိုး မိသားစု | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ကိုစိုးရယ် | သင်းပို တထည် | ဒေါ်လာ-၂၀ |

ကထိန်သင်္ကန်း အလှူရှင် စားရင်းမှ အဆက်

| **အလှူရှင်** | **အရေအတွက်** | **အလှူငွေ** |
|---|---|---|
| ကိုချစ်ဝင်း မိသားစု | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ကိုကလောရယ် | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ဒေါ်ညေးမယ် မိသားစု | သင်းပိုင် တထည် | ဒေါ်လာ-၂၀ |
| ရှစ်လေးလုံး ပဒေသာပင် | ပဒေသာပင် | ဒေါ်လာ-၂၉၀ |
| အများကောင်းမှု ပဒေသာပင် | ပဒေသာပင် | ဒေါ်လာ-၁၂၀ |
| ကိုထွန်းနိုင်+မဂျူးမိသားစု ပဒေသာပင် | ပဒေသာပင် | ဒေါ်လာ-၅၆ |
| ဖဝေါ်ကျော်+ရွှေကြသိန်း ပဒေသာပင် | ပဒေသာပင် | ဒေါ်လာ-၅၇ |
| ဦးသန်းလွင်+ဒေါ်တင်တင်အောင် ပဒေသာပင် | ပဒေသာပင် | ဒေါ်လာ-၅၇ |
| ကိုကောင်းဇံ မိသားစု | ဒွိစုံ | ဒေါ်လာ-၅၀ |

## ကြေညာချက်

သီတဂူဓမ္မဝိဟာရကျောင်းမှ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း၊ ဗုဒ္ဓဘာသာ အသိပညာပေးသင်တန်း၊ ဗုဒ္ဓအဘိဓမ္မာသင်တန်းများ သင်ကြားပေးနေပါသည်။ သင်ကြားလိုသူများ စိတ်ဝင်စားသူများ မိမိတို့ အားလပ်သည့် အချိန်ပိုင်းတွင် အချိန်မရွေး လာရောက် သင်ယူ မေးမြန်းနိုင်ပါကြောင်း

ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်း

# သီတဂူဓမ္မဝိဟာရကျောင်းတိုက်
# ၂၀၀၉-ခုနှစ်အတွင်း လှူဒါန်းကြသော
# အထွေထွေ အလှူရှင်များ စာရင်း

| အလှူရှင် | အလှူငွေ | အကြောင်းအရာ |
|---|---|---|
| ကိုအောင်ကျော်ကျော် | ဒေါ်လာ-၁၄၇ | ဖုန်စုပ်စက် |
| Stephen Gabniel Family (Rochester) | ဒေါ်လာ-၁၀၀ | အထွေထွေ |
| ကိုထွန်းအေးသန်း+မဖြူဖြူမင်း (MI) | ဒေါ်လာ-၁၀၀ | အထွေထွေ |
| ဦးစိန်လွင်+ဒေါ်ခင်မျိုးဆွေ | ဒေါ်လာ-၁၀၀ | လေယာဉ်စရိတ် |
| ဒေါ်ခင်အေးမူ | ဒေါ်လာ-၃၀ | လေယဉ်စရိတ် |
| Bamphenh Latana+Manivanh Latana | ဒေါ်လာ-၁၀၀ | အထွေထွေ |
| ကိုအောင်+မယုပင်အောင် မိသားစု | ဒေါ်လာ-၅၀ | အထွေထွေ |
| ဦးအုံမောင်+ဒေါ်ခင်စန်းအေး မိသားစု | ဒေါ်လာ-၅၀ | အထွေထွေ |
| မစိုးစိုးလွင် | ဒေါ်လာ-၅၀ | အထွေထွေ |
| Peter Hwee+Lai K Hweee Chou | ဒေါ်လာ-၂၀ | အထွေထွေ |
| Randy+Kelly Chu Fu | ဒေါ်လာ-၁၀၀ | အထွေထွေ |
| ကိုကောင်းဖုံ+မစုငယ် မိသားစု | ဒေါ်လာ-၅၀ | အထွေထွေ |
| ကိုကိုကြီး+မရင်သွေး (NY) | ဒေါ်လာ-၁၀၀ | အထွေထွေ |
| ကိုထွန်းလင်း (Chicago) | ဒေါ်လာ-၄၀ | အထွေထွေ |
| ကိုတင်နိုင်စိုး+မခင်မေသန်း | ဒေါ်လာ-၂၅ | အထွေထွေ |
| ကိုစိန်တင်+မနွေး မိသားစု | ဒေါ်လာ-၂၀ | အထွေထွေ |
| ကိုကျော်ကော်ထူး+မဇီကွက် မိသားစု | ဒေါ်လာ-၂၀ | အထွေထွေ |
| ကိုသားကြီး | ဒေါ်လာ-၁၀ | အထွေထွေ |
| ကိုနိုင်လင်း+မစစ်ငြိမ်းအေး မိသားစု | ဒေါ်လာ-၂၀ | အထွေထွေ |

အထွေထွေ အလှူရှင် စာရင်းမှ အဆက်

| **အလှူရှင်** | **အလှူငွေ** | **အကြောင်းအရာ** |
|---|---|---|
| မဝဖောနှင့် မစမှူး | ဒေါ်လာ-၅ | အထွေထွေ |
| ဒေါ်လှမြိုင် မိသားစု | ဒေါ်လာ-၂၅ | အထွေထွေ |
| Julie Ho | ဒေါ်လာ-၃၀ | အထွေထွေ |
| Sim Childers | ဒေါ်လာ-၃၀ | အထွေထွေ |
| Kimberly Tan | ဒေါ်လာ-၂၀ | အထွေထွေ |
| နော်အဲဒိုးဖိုး | ဒေါ်လာ-၅၀ | အထွေထွေ |
| စေတနာရှင် တဦး | ဒေါ်လာ-၂၀ | အထွေထွေ |
| ဦးခမ်းကိုအားရည်စူး၍ ဒေါ်နန်းသီတာမိသားစု | ဒေါ်လာ-၁၁၀ | ရေအလှူတော် |
| Miss Mandy Gutmann | ဒေါ်လာ-၂၀ | အထွေထွေ |
| နိဗ္ဗာန်ဈေးမှ အသင်းသူအသင်းသားများ | ဒေါ်လာ-၁၁၄၀ | အထွေထွေ |
| ကိုချစ်ဝင်း မိသားစု | ဒေါ်လာ-၄၇.၁၇ | အထွေထွေ (စုဘူးအလှူ) |
| ဦးအောင်ကိုး+ဒေါ်မြင့်မြင့်သူ မိသားစု | ဒေါ်လာ-၆၅.၁၀ | အထွေထွေ (စုဘူးအလှူ) |
| ကိုရဲခင်+မအေးအေးဝင်း မိသားစု | ဒေါ်လာ-၆၈.၈၃ | အထွေထွေ (စုဘူးအလှူ) |
| ကိုဝင်းဆန်း+ဒေါက်တာခင်ခင်မျိုး မိသားစု | ဒေါ်လာ-၅၀ | အထွေထွေ |
| Randy+ Kelly Chu Fu | ဒေါ်လာ-၁၀၀ | အထွေထွေ |
| ကိုဝင်းထွန်း+ Aryca (Fargo) | ဒေါ်လာ-၂၀ | အထွေထွေ |
| ကိုထွန်းနိုင် အဖွဲ့ | ဒေါ်လာ-၄၀၀ | လေယဉ်စရိတ် အလှူ |

အထွေထွေ အလှူရှင် စားရင်းမှ အဆက်

| အလှူရှင် | အလှူငွေ | အကြောင်းအရာ |
|---|---|---|
| ဆရာတော် ဦးမဟောသဓပဏ္ဍိတ | ဒေါ်လာ-၁၀၃.၇၁ | အထွေထွေ (ဓမ္မပူဇာ) |
| ကိုထွန်းနိုင် အဖွဲ့ (ဒုလ္လဘကိုရင်) | ဒေါ်လာ-၁၀၀ | ဒုလ္လဘကိုရင်များ စုပေါင်း အထွေထွေ |
| ကိုထွန်းနိုင် အဖွဲ့ | ဒေါ်လာ-၃၂၀ | အထွေထွေ |
| နိဗ္ဗာန်ဈေး အသင်းသူ အသင်းသားများ | ဒေါ်လာ-၁၄၅၀ | အထွေထွေ |
| မစန္ဒီစိုးထွေး | ဒေါ်လာ-၁၁.၉၉ | စုပူးအလှူ |
| ကိုကောင်းဇံ+မစုငယ် မိသားစု | ဒေါ်လာ-၅၀ | အထွေထွေ |
| ဦးစိုးအောင်+ဒေါ်သီတာလွင် (VA) | ဒေါ်လာ-168 | လေယဉ်စရိတ် |

## Projector အလှူရှင်များ

| အလှူရှင် | အလှူငွေ |
|---|---|
| အရှင်နာယက | ဒေါ်လာ-၅၀ |
| ဦးစံမြင့်+မသန်းသန်းဝင်း မိသားစု | ဒေါ်လာ-၁၀၀ |
| ကိုတိုးလွင်+မပိုးပိုးမြင့် | ဒေါ်လာ-၅၀ |
| ကိုအောင်ကျော်ကျော်+မဒေစီသန်း မိသားစု | ဒေါ်လာ-၅၀ |
| ဦးအောင်ကိုး+ဒေါ်မြင့်မြင့်သူ မိသားစု | ဒေါ်လာ-၃၀ |
| ဦးစိန်လွင်+ဒေါ်ခင်မျိုးဆွေ မိသားစု | ဒေါ်လာ-၂၅ |
| ဦးအောင်သန်း+ဒေါ်တင်တင်လှ | ဒေါ်လာ-၂၅ |
| ဒေါက်တာအငယ်လေး+မနန်းဆိုင်ထွေး မိသားစု | ဒေါ်လာ-၂၀ |
| ကိုရဲဒင်+မအေးအေးဝင်း မိသားစု | ဒေါ်လာ-၂၀ |

မင်းကွန်း ဆရာတော်ဘုရားကြီး၏ ဆုံးမစာ



ရုပ်နာမ်ဓမ္မသင်္ခါရတို့
ကိုယ်ကဤပုံဖြစ်လိုတုံလည်း
တစ်ဖုံဆင်ကွဲသူတနဲဖြင့်
ဖောက်လွဲတက်စွာ ဓမ္မတာကို
ပညာစက္ခုမျှော်ထောက်ရှု၍
ယခုကပင်လျှင် မအိုခင်က
ယခုကပင်လျှင် မနာခင်က
ယခုကပင်လျှင် မသေခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။

## မီးစက် အလှူရှင်များ စာရင်း

| အလှူရှင် | အလှူငွေ |
|---|---|
| ဆရာတော် ဦးမဟောသဓပဏ္ဍိတ | ဒေါ်လာ-၅၀ |
| ကိုစံမြင့်+မသန်းသန်းဝင်း မိသားစု | ဒေါ်လာ၅၀ |
| ကိုတိုးလွင်+မပိုးပိုးမြင့် | ဒေါ်လာ-၅၀ |
| ကိုပီတာ+မခင်အောင်အောင်ဝင်း မိသားစု | ဒေါ်လာ-၅၀ |
| ဦးစိန်လွင်+ဒေါ်ခင်မျိုးဆွေ မိသားစု | ဒေါ်လာ-၂၅ |
| ကိုဇော်မိုင်း+မကြည်ကြည်လွင် မိသားစု | ဒေါ်လာ-၂၅ |
| ကိုခိုင်ထွန်းလင်းအောင် | ဒေါ်လာ-၂၅ |
| ဦးအောင်သန်း+ဒေါ်တင်တင်လှ | ဒေါ်လာ-၂၅ |
| ဦးအောင်ကိုး+ဒေါ်မြင့်မြင့်သူ မိသားစု | ဒေါ်လာ-၂၀ |
| မလှမြင့် | ဒေါ်လာ-၂၀ |
| မဂျဲနီ | ဒေါ်လာ-၂၀ |

## သီတဂူဓမ္မဝိဟာရကျောင်းတိုက် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လှူဒါန်းနိုင်သည့် အလှူဒါနများ

၁။ လစဉ် Mortgate အလှူတော်
၂။ ရေ အလှူတော် (လက်ရှိ အလှူရှင် - (ဦးခမ်းကို) ဒေါ်နန်းသီတာ မိသားစု)
၃။ နိဗ္ဗဒ္ဓဆွမ်း အလှူတော်
၄။ သာသနာမြေကွက် အလှူတော်
၅။ လျှက်စစ်မီး အလှူတော်
၆။ အထွေထွေသုံးစရိတ် အလှူတော်

# သီတဂူဓမ္မဝိဟာရကျောင်းတိုက်
# ၂၀၀၉-ခုနှစ် မောဂိတ် (Mortgate)
# အလှူရှင်များ စာရင်း

| အ | အလှူရှင် | Jan | Feb | Mar | Apr | May | Jun | Jul | Aug | Sept | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ဦးအောင်သန်း+ဒေါ်တင်တင်လှ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ၂။ | ဦးအောင်ကိုး+ဒေါ်မြင့်မြင့်သူ မိသားစု | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ၃။ | ကိုတိုးလွင်+မပိုးပိုးမြင့် | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ၄။ | ဦးစိန်+(ဒေါ်လှအေး) မိသားစု | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ၅။ | ကိုနေလင်း(Sushi Ave Inc) | | | | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၅၀ |
| ၆။ | ဒေါက်တာအငယ်လေး+မနန်းဆိုင်ထွေး မိသားစု | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ၇။ | ကိုကျော်မျိုးမောင်+မလမင်းမောင် | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ | ၇၅ |
| ၈။ | ကိုထွန်းအေးသန်း+မဖြူဖြူမင်း မိသားစု (ME) | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၉။ | ကိုအောင်မြင့်ထွန်း+မမြတ်သန္တာထွန်း မိသားစု | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၁၀။ | ကိုထွန်းနိုင်+မဂျူးဂျူး မိသားစု | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | | |
| ၁၁။ | ကိုကျော်စင်မောင်+မသီတာခိုင် မိသားစု | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၁၂။ | ကိုသန်းဇော်+မခင်ဝင်းမော် မိသားစု | ၆၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | | | | | | |
| ၁၃။ | ကိုတင်အောင်+မမလာစန်း မိသားစု | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၁၄။ | ကိုဝင်းဆန်း+ဒေါက်တာခင်ခင်မျိုး မိသားစု | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၁၅။ | ကိုကိုအောင် (KT Sushi) | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | |
| ၁၆။ | ဒေါ်ခင်ထွေးတင်အမှူထား၍ သား-ကိုဇော်လင်း မိသားစုနှင့် သမီး မမာလာ မိသားစု | ၁၀၀ | ၁၀၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |

မောဂိတ် အလှူရှင်များမှ အဆက်

| စဉ် | အလှူရှင် | Jan | Feb | Mar | Apr | May | Jun | Jul | Aug | Sept | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇။ | Steven Boss +မဥမ္မာခိုင် | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၁၈။ | ကိုပီတာ+မခင်အောင်အောင်ဝင်း မိသားစု | ၁၀ | ၁၀ | ၁၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ |
| ၁၉။ | ကိုကိုထွေး+မညိုညိုစိုး | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | |
| ၂၀ | သမီးလေး မစန္ဒီစိုးထွေး | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | |
| ၂၁။ | မခင်အေးမူ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ |
| ၂၂။ | ကိုအောင်မျိုးဦး+မနွယ်နီညွန့် | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ |
| ၂၃။ | Dr.ကျော်နိုင်+Dr.ချိုချိုလေး မိသားစု | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ |
| ၂၄။ | Dr.ဖွံ့ဖြိုး+မယုယုအောင် မိသားစု | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ |
| ၂၅။ | ကိုမျိုးသူရိန်ဒွေး+မတင်ဇာမောင် | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ |
| ၂၆။ | ကိုဇော်ခနိုင် | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | | | | | | | |
| ၂၇။ | ဦးဇော်ထွန်း မိသားစု | ၃၀ | ၃၀ | ၃၀ | ၃၀ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၂၅ |
| ၂၈။ | ဦးချစ်မောင်+ဒေါ်န မိသားစု | ၁၀ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| ၂၉။ | ကိုဘွန်ချမ်း+မလှိုင်လေးခိုင် | | | | | | | | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ၃၀။ | ဦးဇော်ဝင်းမောင်+မမွေးသူဇာ | | | | | | | | ၅၀ | | | | |
| ၃၁။ | ကိုအောင်+မယုပင်အောင် မိသားစု | | | | | | | ၅၀ | | | | | |
| ၃၂။ | Dr.ဝင်းချိုလှိုင်+Dr.ရီရီချို | | | | | | | | | | ၁၈၀၆ .၁၇ | | |
| ၃၃။ | ဦးစိန်မြင့်+ဒေါ်စိုးစိုးမော် (Fargo) | | | | | | | | | | ၁၀၀ | | |
| ၃၄။ | ဒေါက်တာ ထွေးထွေးလွင် (Fargo) | | | | | | | | | | ၁၀၀ | | |

# ပီတိကိုစား၍ ဓမ္မအားကိုမွေးကာ၊

အလွန်ဆာလောင်မွတ်သိပ်နေသူတယောက်၊ အစာရေစာသုံးဆောင် စားသုံးလိုက်ရလျှင်၊ အင်အားပြည့်ဝပြီး၊ ဆာလောင်မှုဒုက္ခမှ ကင်းဝေး ချမ်းသာရသလို အစာအဟာရဖြင့်အသက်ဇီဝ၊ ရုပ်ဆင်းအင်္ဂါ လှပပြည့်ဖြိုးခြင်းဟူသော ဆုလာဘ်ကိုပါရရှိဘိသကဲ့သို့၊ ပီတိသုခအဟာရကို စားသုံးတတ်လျှင်လည်း၊ပြုပြီးသမျှသော ကုသိုလ်အစုစုကို ပွားများကြီးထွားစေကာ၊ မျက်မှောက်ဘဝတွင်လည်း၊စိတ် ချမ်းသာ၊ သံသရာ အဆက်ဆက်လည်း ကောင်းကျိုးအလီလီရရှိပေတော့မည်။

ကုသိုလ်ဟူသည် အအေးဓါတ်ဖြစ်၍ ဆွဲငင်အားရှိသည်၊ ကောင်းမှုကုသိုလ်ပြုပြီးသူတိုင်း ကောင်းသောအကျိုးကျေးဇူးများ ကိုယ့်ထံရောက် လာမြဲဖြစ်သည်။ ကိုယ်ကျင့်သီလမြဲသောသူ၊ အကုသိုလ် မှန်သမျှ ဝေးစွာရှောင်ရှားနိုင်သူ၊ ဒါန၊ သီလ ဘာဝနာ တရားများနှင့် မွေ့ လျော်သူ အဖို့ ကောင်းသော အကျိုးရလဒ်များနှင့်သာ ကြုံတွေ့ ကြရမည်မှာသေချာပါသည်။ ကုသိုလ်ဟူသည်ကြီးပွား တိုးတက်စည်ပင်သည့်သဘော ဆောင်သည်။ အဘယ်ကြောင့်ဆိုသော်၊ မိမိပြုပြီးသမျှသောကုသိုလ်တို့ကိုပြန် လည်တွေးတိုင်း၊ ပီတိဖြစ်ကာ၊ ပြုခဲ့ပြီးသမျှသောကောင်းမှုတို့ သည် ဆထက်တပိုးတိုးပွား၍ သာနေတော့သည်။ ထို့ကြောင့် ကုသိုလ်သည် တိုးပွားတတ်သောသဘောရှိ၏၊ **“ကိုယ်တိုင်၊တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူကုသိုလ်ယူ”ဟူသောအဆုံးအမအတိုင်း ကုသိုလ်ကောင်းမှုဟူသည် ကိုယ်တိုင်ပြုသည့် ကုသိုလ်သာမက သူတပါးက ပြုသောကုသိုလ် ပင်ဖြစ်လင့်ကစား မိမိပြုဘိသကဲ့သို့လိုိုက်လိုက်လှဲလှဲ ဝမ်းသာအားရသာဓုခေါ်လျှင်မိမိပြုသကဲ့သို့ ပင်ကုသိုလ်ရပါသည်။ ကုသိုလ်ပြုအောင် တိုက်တွန်းအားပေးခြင်း၊ စိတ်တူကိုယ်တူပြုခြင်း၊ သာဓုအနုမောဒနာခေါ်ခြင်းတို့သည်လည်း ကုသိုလ်ကောင်းမှုပြုခြင်းပင်တည်း။ မိမိပြုသမျှ သော ကောင်းမှုကုသိုလ်များကို ကျေနပ်အားရခြင်း၊ ဝမ်းမြောက်ခြင်း၊စိတ်ကြည်လင်ရွှင်လန်းခြင်းတို့ကို အခြေခံ၍ ဖြစ်ပေါ်လာသောချမ်းသာ ခြင်းကို ပီတိသုခဟုခေါ်ပါသည်။**

**ပီတိသည် ချမ်းသာသုခတစ်မျိုးဖြစ်၏။ ဤသို့သောချမ်းသာသုခကို ဖရဏာပီတိဝွမ်းဆီထိသကဲ့သို့ဟု တင်စားထားသည့်အတိုင်း၊ တစိမ့် စိမ့်တွေးတိုင်းဝါဂွမ်းကို ဆီထိသကဲ့သို့ တအိအိတစိမ့်စိမ့် ကျေနပ်အားရလျှက် ကြက်သီးမွေးညှင်းထကာ၊ မျက်ရည်ဝဲသည်အထိခံစား တတ်ပါသည်။ မိမိပြုလိုက်သော ကုသိုလ်ကောင်းမှုအပေါ် ဤသို့သောပီတိစိတ်များ ယိုစိမ့်သည်အထိခံစားရပြီဆိုလျှင်-ကုသိုလ်တရားတို့ ပွားတိုး စည်ပင်ကြစမြဲပင်ဖြစ်ပါတော့သည်။ ဤသို့သောပီတိမျိုးသည်- မိမိပြုအပ်သောအလှူဒါန၊ မိမိခိုင်မြဲစွာစောင့်ရှောက်အပ်သော သီလ မိမိပွားများအပ်သော သမထ၊ ဝိပဿနာဘာဝနာများမှပေါ်ထွက်ခံစားရတတ်ပါသည်။ သတိမမူ၊ ဂူမမြင်၊ သတိမူတော့မြူကိုပင်မြင်ရသည် ဆိုသော ဆိုရိုးစကားရှိပါသည်။ သီတဂူဓမ္မဝိဟာရ ဘုန်းတော်ကြီးကျောင်းကိုအမှီပြုအကြောင်းပြု၍ ရရှိအပ်သောကုသိုလ်တရားတို့ကို သတိမူနိုင်ကြစေလိုသော စေတနာ၊ သတိမူသဖြင့်ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ခံစားကာ ကုသိုလ်ပီတိတည်းဟူသောအဟာရများ စားသုံးခံစား နိုင်ကြပါစေလိုသောစေတနာများဖြင့် သူတော်စင်ဓမ္မမိတ်ဆွေအပေါင်း၊ ဗုဒ္ဓဘာသာဝင်အပေါင်း၊ သီတဂူဒကာဒ၊ ဒကာမအပေါင်းအား ဤစာ တမ်းဖြင့် လက်ကမ်းမျှဝေလိုက် ရခြင်းဖြစ်ပါသည်။**

**သီတဂူဓမ္မဝိဟာရ ဘုန်းတော်ကြီးကျောင်း သုံးနှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။ ဤသုံးနှစ်သုံးမိုးသော ကာလကို ဖြတ်သန်းလာနိုင်သည့် ကျောင်းဒကာ ဒကာမများ၊ ကုသိုလ်ရှင်များ၊ အလှူရှင်များ၏ သဒ္ဓါတရားကား အားရကျေနပ်ဘွယ်ကောင်းလှပါ၏၊ ပီတိဖြစ်ဘွယ်ကောင်းလှ ပါ၏။ ဒါတင်မကဆက်လက်ဖေါ်ပြပါဦးမည်။ ကောင်းမှုကုသိုလ် တရားအစုစုတို့ကို ကြည့်၍ ပီတိကုသိုလ် များပွားကြပါဦး။ ရပ်ဝေးရပ်နီးမှကြွ လာကြသည့်၊ ကြွလာကြဦးမည့် ဘုရားသားတော်သံဃာတော်များချမ်းသာစွာ သီတင်းသုံးနေထိုင်နိုင်ကြစေရန် သာသနာတော်စည်ပင်ပြန့် ပွားထွန်းကားစေရန်-**

**စုပေါင်း၍ လှူဒါန်းထားအပ်သော ကျောင်းအလှူကုသိုလ်၊ နေ့စဉ်အလှည့်ကျ ဘုရားအမှူးရှိသော သံဃာတော်များအားရည်မှန်း၍ လှူဒါန်း အပ်သော ပစ္စည်းလေးပါးဒါနကုသိုလ်၊ ရခဲသည့်ဗုဒ္ဓသာနာနှင့်ကြုံတွေ့ခွင့်ရခြင်း၊ ကြားနာရခဲသည့် ဗုဒ္ဓတရားစစ်တရားမှန်များ နာကြားခွင့် ရခြင်း၊ ရခဲသည့်ရှင်ရဟန်းပြုခွင့်ရခြင်း၊ တရားဘာဝနာများ ဆွေးနွေးခွင့်ရခြင်းတည်းဟူသော ဒုလ္လဘကောင်းမှုကုသိုလ်များကားတွေးမိတိုင်း၊ ကြည်နူးဝမ်းသာပီတိဖြာရပါသည်။ ဤသို့ ဤနယ်ကောင်းမှုကုသိုလ်များပြုခွင့်ရနိုင်ရန် ကျောင်းတော်ကြီးဖြစ်မြောက်လာအောင် ကြိုးပမ်း ခဲ့ကြသည့် ကုသိုလ်အစုစုကိုလည်း အားပါးတရကြည်ညိုသဒ္ဓါ ပွားနိုင်ကြပါဦး။**

**သီတဂူဓမ္မဝိဟာရဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရေးအတွက်၂၀၀၄ခုနှစ်၊ မေလ(၂)ရက်ကဆုန် လပြည့်၊ ဗုဒ္ဓနေ့တွင် St. Paul Vietnamese Center၌ ဖို့ဝိန်းမြို့ဓမ္မရက္ခိတကျောင်း ဆရာတော်များဖြစ်ကြသောဦးသုန္ဒရနှင့် ဦးဝိစက္ခဏတို့ဖြင့် “ဗုဒ္ဓနေ့ဓမ္မသဘင်”ကို ဆင်ယင်ကျင်းပပြီး**

နောက်တဆက်တည်းမှာပင် "ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်း" ကိုတည်ထောင်နိုင်ခဲ့ကြပါသည်။ အသင်းသူအသင်းသားစေတနာရှင်များစုပေါင်း၍ ကျောင်းရံပုံငွေရရှိရေးအတွက် ဆရာတော်များပင့်ဖိတ်ကာ အောက်ပါအတိုင်းတရားပွဲများကို ကျင်းပခဲ့ကြပါသည်။ အင်ဒီယားနားပြည်နယ်၊ ဖို့ ဝိန်းမြို့ ဇေတဝန်ကျောင်းဆရာတော် ဦးတေဇဝန္တဖြင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ( July 24th 2004 )–တွင်၎င်း -( October 30-31 2004) တွင် သီတင်းကျွတ်ပွဲတော်ဓမ္မသဘင်ကို Maryland အောင်ရတနာကျောင်းဆရာတော်ဦးကောဝိဒ၊ နိုင်ငံကျော်အဆိုတော်ဒေါ်မာမာအေးတို့ဖြင့်၎င်း၊တပေါင်းလပြည့်ဓမ္မသဘင်ကို ၂၀၀၅ ခု မတ်လ ၆ ရက် နေ့ တွင် ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်ရှိမေတ္တာနန္ဒဝိဟာရကျောင်းဆရာတော် ဒေါက်တာဓမ္မပီယဖြင့် Phat An Vietnamese Temple တွင်၎င်း၊၂၀၀၅၊ ဧပြီလ ၆ရက်နေ့ တွင် မြန်မာ့နှစ်သစ်ဦးဓမ္မသဘင်ကိုလည်း ပအို့ဆရာတော် ဦးကောသလ္လဖြင့် ဗီယက်နာမ်စင်တာတွင်၎င်း ကျင်းပကာစုပေါင်း ကုသိုလ်ပြုနိုင်ခဲ့ကြပါသည်။

အသင်းသူ အသင်းသားများ၏ ပင့်ဖိတ်လျှောက်ထားမှုဖြင့် အသင်း၏ ဩဝါဒစရိယ သီတဂူဆရာတော် အရှင်ဉာဏိဿရဆရာတော်ကြီး ကိုယ်တိုင် ပထမဦးဆုံးအကြိမ်ကြွရောက်ကာ ဘုန်းကြီးကျောင်း ဖြစ်မြောက်ရေးအတွက် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ နှင့် ၁၈ ရက်များတွင် တပည့် တကာ တကာမ သူတော်ကောင်းအပေါင်းတို့အား St. Paul United Cambodia Association of Minnesota တွင် ဩဝါဒပေးခြင်း နှင့် တရားချီးမြှင့်ပေးသည့် ဓမ္မသဘင်များ ၂ ရက်တိုင်ကျင်းပနိုင်ခဲ့ကြပါသည်။ ထိုနောက်တွင်ကား အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးမဟောသဓပဏ္ဍိတကိုယ်တိုင် ဦးဆောင်၍ သီတဂူကျောင်းတော်နေရာကို၃လမျှအချိန်ယူရှာဖွေပြီးနောက်၊ ၂၀၀၆ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၆၈ သီတင်းကျွတ်လဆန်း (၁၀)ရက် တနင်္ဂနွေနေ့ အဘိဓမ္မာအခါတော်နေ့တွင် "သီတဂူဓမ္မဝိဟာရကျောင်းတော်" ကို စာတုဒ္ဒိသာသံဃာအား (သံဃိက) လှူဒါန်းနိုင်ခဲ့ကြပါသည်။

စိတ်ရှည်၊ ဖွဲသန်၊ သည်းညည်းခံကြလျက် ဆရာ-ဒကာညီညွတ်စွာဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြရသော ကောင်းမှုကုသိုလ်အစုစုတို့ ၏ရလဒ်သည်ကား၊ ရှေးကမရှိသေးသော ထေရဝါဒဗုဒ္ဓသာသာ ဘုန်းတော်ကြီးကျောင်းပေါ်ပေါက်လာခြင်းပင် ဖြစ်ပါတော့သည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများနောက် ကောက်ကောက်ပါအောင် လိုက်ပါနေကြရသော ပူလောင်သည့် ကန္တာရခရီးသည်များ ဗုဒ္ဓ၏အေးမြ သာယာသော အိုအေစစ်အရပ်တွင် အေးမြသောတရားရိပ်ကို ခိုလှုံခွင့်လည်းရကြပါပြီ။ ကုသိုလ်ကောင်းမှုအစုစုတည်းဟူသော မျိုးစေ့တို့ စိုက်ပျိုးကြဲချစရာ လယ်ယာမြေကောင်းသဖွယ်လည်းဖြစ်သော သံဃာတော်များရှိရာ သီတဂူဓမ္မဝိဟာရကျောင်းတော်ကြီး ပေါ်ပေါက်လာပါပြီ။

သုံးနှစ်တာပြုခဲ့သမျှသောကုသိုလ်၊ ပြုဆဲ၊ ပြုလတ္တံ့သောကုသိုလ်များကို တွေးမိတိုင်းပီတိဖြစ်ကြရပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း၏ပဓါနအလုပ်ဖြစ်သည့်-ပေးကမ်းလှူဒါန်းမှု ဒါနကုသိုလ်၊ အကျင့်သီလဆောက်တည်မှု သီလကုသိုလ်၊တရားဘာဝနာပွားများမှုဘာဝနာကုသိုလ်ကောင်းမှုတို့ကို သီတဂူဘုန်းတော်ကြီးကျောင်းအား အကြောင်းပြု၍ ယခုအခါအားပါးတရ ရယူနိုင်ကြပါပြီ။ ပြုပြုသမျှသော ကောင်းမှုတို့ကိုလည်း ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ တအိအိတစိမ့်စိမ့်ခံစားကြရပါပြီ။ ပတ္တိဒါန၊ပတ္တာနုမောဒနာအမျှပေးဝေကာ ကုသိုလ်တရားများ ပွားများနိုင်ကြပါပြီ။ ဒါတင်မက ထေရဝါဒသာသနာနုဂ္ဂဟအသင်း၏ ဦးတည်ရည်ရွယ်ချက်တခုဖြစ်သည့်-မိမိတို့၏ရင်သွေးရတနာ၊ နောင်လာနောက်သားတို့ကို သာသနာတော်ကြီးနှင့် ထိတွေ့ခွင့်ရကြစေပြီး မျိုးရိုးစဉ်ဆက် သာသနာ့အမွေပေးနိုင်စေရန်ဟူသော ဦးတည်ရည်ရွယ်ချက်ကိုလည်း အကောင်အထည်ဖေါ်နိုင်ပြီဖြစ်ပါသည်။ ပျားအုံသောပန်းရုံကြီးကြောင့် လူ့အကျိုးပြုပျားရည်အဟာရတို့ကို စားသောက်သုံးဆောင်ခွင့်လည်းရကြပါပြီ။ ပရိယတ္တိ-ကန်ဘောင်၌ တည်သောပဋိပတ္တိရေပြင်တွင်၊ ပဋိဝေဓတည်းဟူသောလုပသင်းထုံ ရနံ့စုံသည့် "ဝိဇ္ဇာအသိပညာ" ကြာပန်းများ လှပသာယာစွာ ဖူးပွင့်ဝေဆာလာတော့မည့်အရေးကိုလည်း တွေးရင်းတွေးရင်း ပီတိသုခများဝေဖြာ၍မဆုံးတော့ပါ။

သီတဂူဓမ္မဝိဟာရကျောင်းဖြစ်ပေါ်လာပြီးသည့်နောက် ဆရာတော်ဦးမဟောသဓကိုယ်တိုင်ကျောင်းထိုင်လျက် -ကဆုန်လပြည့်ဗုဒ္ဓနေ့ပွဲတော်၊ ကထိန်သင်္ကန်း၊ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ နှစ်သစ်ကူးဆုတောင်းပွဲတော်၊ သက်ကြီးပူဇော်ပွဲ စသည့်ကောင်းမှုကုသိုလ်အစုစုတို့ ဆက်ခါဆက်ခါ နှစ်စဉ်ကျင်းပလာနိုင်ခဲ့ကြပါသည်၊ ဆရာတော်များ၏ဂုဏ်ကျေးဇူး ကားကြီးမားလှပါပေစွ။ သီတဂူဆရာတော်ကြီးနှစ်ပါး၏ ဦးဆောင်မှု၊ လက်ရှိကျောင်းထိုင်ဆရာတော် အရှင်နာယကာလင်္ကာရ၊ အရှင်နေမိန္ဒာစာရတို့၏ အားကြိုးမာန်တက် ကြိုးစားမှုများဖြင့် ပထမအကြိမ်စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲတော် အပါအဝင် နှစ်စဉ်အခါအားလျော်စွာ ကျင်းပအပ်သောကုသိုလ်ကောင်းမှုအစုစုတို့ကိုလည်း တွေးမိတိုင်း၊ ပီတိသုခရကြမည်သာ ဖြစ်ပါတော့သည်။

ပီတိကိုစား၍ ဓမ္မအားကိုမွေးကာ၊ ဗုဒ္ဓတရားစစ်တရားမှန်များ ကမ္ဘာတည်သရွေ့ ကာလရှည်ကြာတည်တန့် နေအောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့ -

"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"

ဓမ္မပါလ

# ကုသိုလ်ရေးမို့ ကြိုးစားမည်



ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ
လူနတ်များစွာ ချမ်းသာရေးမို့
အသက်ပေးလို့ ဖြည့်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါပါ အသက်ဆုံးစေမည်
နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်
ဒို့လဲ ကြိုးစားမည်။

မဟာဂန္ဓာရုံ ဆရာတော်

---

မှတ်တမ်းတင်လွှာမှ အဆက်

ကုသိုလ်ရှင် အားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖေါ်ပြအပ်ပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီး၏ ဩဝါဒါစရိယ၊ ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ Ph.D D,Litt သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ) သီတဂူဆရာတော်ဘုရားကြီးသည် (၃)နှစ်မြောက်အထိမ်းအမှတ် အထူးတရားပွဲကို (အလုပ်တွေများပြားလှသည့်ကြားမှ) ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်တော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမတို့၏စေတနာ သဒ္ဓါတရားကို မေတ္တာ,ကရုဏာဖြင့် တုံ့ပြန်အားပေးတော်မူခဲ့ပါသည်။ သက်တော်အားဖြင့် (၇၃)နှစ် ရှိသော်လည်း ပင်ပန်းမှုများ သည်းခံ၍ ကြွရောက်ချီးမြှင့်တော်မူသော ထိုသီတဂူဆရာတော်ကြီးကိုလည်း ကျေးဇူးတင်စွာဖြင့် ပျဝပ်ကော်ရော် ပူဇော်ဦးခိုက်လိုက်ရပါသည်။

သံဃာတော်အရှင်မြတ်တို့ သီတင်းသုံးနေထိုင်ရာ "သီတဂူဓမ္မဝိဟာရကျောင်းတိုက်ကြီး" ထာဝရတည်တန့် ခိုင်မြဲရေးအတွက် ထေရဝါဒဗုဒ္ဓဘာသနာနုဂ္ဂဟအသင်းသူ အသင်းသားများနှင့် မိနီဆိုးတားရောက် ဗုဒ္ဓဘာသာဝင်များ စိုးရိမ်ပူပန်ခဲ့ကြသည်။ မော့ဂေ့ဂျ် အလင်မှီအောင် မပေးနိုင်မည်ကို အထူးစိုးရိမ်ပူပန်ခဲ့ကြသည်။ ထူးထူးခြားခြား ဤသုံးနှစ်မြောက် မင်္ဂလာအခါတွင် ကွယ်လွန်သူ မိခင်ကြီး ဒေါ်လုအေးအတွက် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာရပါစေခြင်း အကျိုးငှာ ဖခင်ကြီး ဦးစိန်အားအမှူးထား၍ သားသမီးမြေးတစုတို့က ဒေါ်လာ (၃၂၀၀၀) သုံးသောင်းနှစ်ထောင် ကုသိုလ်ပါဝင် အားဖြည့် လှူဒါန်းခဲ့ကြသည်။

ဤကုသိုလ်ရှင် မိသားစုတို့၏ အားဖြည့် လှူဒါန်းမှုကြောင့် သံဃာတော်အရှင်မြတ်တို့က ပရိတ်တရားချီးမြှင့်ပြီးနောက် သီတဂူဆရာတော်ဘုရားကြီးကိုယ်တိုင် ကျောင်းအနုမောဒနာတရား ချီးမြှင့်ဟောကြားပေးတော်မူခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂအသင်းသူ အသင်းသားမိသားစုများလည်း အမောတဝက်ပြေပျောက်သွားခဲ့ကြရပါသည်။ ထို့ကြောင့် ဤကုသိုလ်ရှင်မိသားစုတို့အားလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ဖေါ်ပြလိုက်ရပါသည်။

သီတဂူဓမ္မဝိဟာရကျောင်းတိုက်ကြီး ကြွေးမြီးမရှိ၊ သံဃာပိုင်, သံဃိကကျောင်းတိုက်ကြီးအဖြစ် တည်တည်တန့်တန့်၊ ခိုင်ခိုင်ခံ့ခံ့ ဖြစ်ပေါ်လာစေရေးအတွက် စေတနာရှင် ပါရမီရှင်တို့က ကျောင်းအလှူငွေများ ဆက်လက် လှူဒါန်းကြပါရန် တိုက်တွန်း နှိုးဆော်လိုက်ရပါကြောင်း ........................

ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂအသင်း

# Three Years Finance Report of Stagu Dhamma Vihara

## 2007 to 2009

### Finance Year 2007*

| သုံးစွဲမှု | ကုန်ကျစရိတ် |
|---|---|
| 2007 Mortgage donation total | $ -20295.00 |
| Total General donation & fund raising | $ -18745.00 |
| Total combine donation | $ -39040.00 |
| Mortgage payment for 12 months | $ -21674.04 |
| Mortgage shortage for year 2007 | $ -1379.04 |
| Excel energy, internet, phone, water | $ -3165.25 |
| TBSN/MN website Air tickets | $ -1375.00 |
| Generator | $ -200.00 |
| Home owner insurance (American Family Insurance)<br>(April 20, 2007 to April 20, 2008) | $ -496.00 |
| Property Tax (Ramsey County) | $- 2360 |

## INCOME AND EXPENSES FROM MAY 2004 TO NOVEMBER 2009

| INCOME FROM MAY 2004 TO NOVEMBER, 2009 | $- 175831.56 |
|---|---|
| EXPENSES FROM MAY 2004 TO NOVEMBER, 2009 | $- 140880.28 |
| BOOK BALANCE AS OF NOV-30, 2009 | $- 34951.28 |
| BANK BALANCE AS OF NOV-30, 2009 | $- 36093.18 |
| BANK BALANCE AS OF DEC-11, 2009 | $- 36176.24 |

## Finance Year 2008*

| သုံးစွဲမှု | ကုန်ကျစရိတ် |
|---|---|
| 2008 Mortgage donation total | $ 22871.00 |
| Total General donation & fund raising | $ 17769.00 |
| Total combine donation | $ 40640.00 |
| Mortgage payment for 12 months | $ 21674.04 |
| Mortgage gain for year 2008 | $ 1196.96 |
| Air tickets | $ 680.00 |
| Projector | $ 450.00 |
| Electric wiring fixing in the kitchen Fees | $ 300.00 |
| Excel energy, internet, phone, water, TBSN/MN website | $ 3480.39 |
| Home owner insurance (American Family Insurance) | $ -571.00 |
| Property Tax (Ramsey County) | $- 2658 |

## Finance Year 2009*

| သုံးစွဲမှု | ကုန်ကျစရိတ် |
|---|---|
| 2009 Mortgage donation total | $ 18261.00 |
| Total General donation & fund raising | $ 16188.00 |
| Total combine donation | $ 34449.00 |
| Monastery land plot donation | $ 6700.00 |
| Mortgage payment for 12 months | $ 21674.04 |
| Mortgage shortage for year 2009 | $ 3413.04 |
| Air tickets | $ 2210.00 |
| Excel energy, internet, phone, water | $ 2904.47 |
| Home owner insurance (American Family Insurance) (April 20, 2009 to April 20, 2010) | $- 672.00 |
| Kathina donation to 7-monks (cash) | $ -700.00 |
| Property Tax (Ramsey County) | $- 2818 |

*TBSN/MN financial year is January to December each year.

## သီတဂူဓမ္မဝိဟာရကျောင်းတိုက်
## ၂၀၀၉-ခုနှစ် လစဉ် ကုန်ကျစရိတ် စာရင်း

| Month | Mortgage | Xcel Energy | Comcast | Water |
|---|---|---|---|---|
| Jan | 1806.17 | 200.80 | 96.41 | 60.60 |
| Feb | 1806.17 | 283.48 | 96.41 | |
| Mar | 1806.17 | 96.41 | 96.41 | |
| Apr | 1806.17 | 120.41 | 96.61 | 46.90 |
| May | 1806.17 | 96.30 | 96.61 | |
| Jun | 1806.17 | 65.59 | 96.37 | |
| Jul | 1806.17 | 78.04 | 97.10 | 56.28 |
| Aug | 1806.17 | 90.25 | 97.10 | |
| Sept | 1806.17 | 73.06 | 106.74 | |
| Oct | 1806.17 | 84.76 | 56.15 | 108.91 |
| Nov | 1806.17 | 100.23 | 156.00 | |
| Dce | 1806.17 | 110.35 | 77.99 | |

## ၂၀၀၈-ခုနှစ်၊ လစဉ်ကုန်ကျစရိတ် စာရင်း

| Month | Mortgage | Xcel Enegry | Comcast | Water |
|---|---|---|---|---|
| Jan | 1806.17 | 235.22 | 105.81 | 55.75 |
| Feb | 1806.17 | 244.63 | 105.81 | |
| Mar | 1806.17 | 240.29 | 105.81 | |
| Apr | 1806.17 | 206.81 | 105.81 | 60.91 |
| May | 1806.17 | 180.64 | 105.91 | |
| Jun | 1806.17 | 130.98 | 105.91 | |
| July | 1806.17 | 91.28 | 105.91 | 63.85 |
| Aug | 1806.17 | 80.40 | 106.23 | |
| Sept | 1806.17 | 88.96 | 106.23 | |
| Oct | 1806.17 | 69.55 | 106.23 | 71.81 |
| Nov | 1806.17 | 85.00 | 106.08 | |
| Dec | 1806.17 | 117.79 | 106.08 | |

## ၂၀၀၇-ခုနှစ်၊ လစဉ် ကုန်ကျစရိတ် စာရင်း

| Month | Mortgage | Xcel Energy | Comcast | Water |
|---|---|---|---|---|
| Jan | 1806.17 | 196.08 | 196.08 | 53.26 |
| Feb | 1806.17 | 208.90 | 208.90 | |
| Mar | 1806.17 | 241.98 | 241.98 | |
| Apr | 1806.17 | 171.58 | 171.58 | 42.49 |
| May | 1806.17 | 132.48 | 132.48 | |
| Jun | 1806.17 | 71.19 | 71.19 | |
| Jul | 1806.17 | 52.26 | 57.79 | 50.61 |
| Aug | 1806.17 | 65.33 | 65.33 | |
| Sept | 1806.17 | 72.46 | 72.46 | |
| Oct | 1806.17 | 53.60 | 53.60 | 101.86 |
| Nov | 1806.17 | 64.43 | 64.43 | |

## သာသနာမြေကွက် အလှူရှင်များ စာရင်း

| အလှူရှင် | အလှူငွေ |
|---|---|
| ကိုပီတာ+မခင်အောင်အောင်ဝင်း မိသားစု | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| ကိုဘွန်ချမ်း+မလှိုင်လေးခိုင် | ဒေါ်လာ-၇၅ (၃-ကွက်) |
| ဦးထွန်းသန်း+ဒေါ်ရင်သန်း (ရန်ကုန်န်) | ဒေါ်လာ-၇၅ (၃-ကွက်) |
| ဒေါ်ကျင်ဆိုင် သားသမီးမြေး တစု (ရန်ကုန်) | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| မသန်းသန်းစိန် | ဒေါ်လာ-၂၀၀ (၁၂-ကွက်) |
| (ဦးသန်းရွှေ+ဒေါ်ကြည်) တို့အားရည်စူး၍ ဦးအောင်သန်း+ဒေါ်တင်တင်လှ | ဒေါ်လာ-၅၀၀ (၂၀-ကွက်) |
| (ဒေါ်ဝင်းမေ)အားရည်စူး၍ ကိုမိုးဦး မိသားစု | ဒေါ်လာ-၃၀၀ (၁၂-ကွက်) |
| ဦးထွေး+ဒေါ်ငွေယုံ (မြန်မာပြည်) | ဒေါ်လာ-၅၀ (၂-ကွက်) |
| Shi Kim Chan (ဦးစိန်) | ဒေါ်လာ-၂၅၀ (၁၀-ကွက်) |
| မိခင်ကြီးအားရည်စူး၍ ဦးဉာဏ်ထွန်း+ဒေါ်သီတာ မိသားစု | ဒေါ်လာ-၁၂၅၀ (၅၀-ကွက်) |
| မိခင်ကြီးအားရည်စူး၍ ဦးသောင်းညွှန့်+ဒေါ်နီနီမော် မိသားစု | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| မိခင်ကြီးအားရည်စူး၍ မသန်းသန်းစိန် | ဒေါ်လာ-၅၀၀ (၂၀-ကွက်) |

သာသနာမြေကွက် အလှူရှင်များ စာရင်းမှ အဆက်

| | |
|---|---|
| မိခင်ကြီးအားရည်စူး၍ ဦးသိန်းဇံ+ဒေါ်ခင်သန်းငွေ မိသားစု | ဒေါ်လာ-၁၂၅ (၅-ကွက်) |
| မိခင်ကြီးအားရည်စူး၍ ဦးမျိုးဝင်း+ဒေါ်အေးအေးမြိုင် မိသားစု | ဒေါ်လာ-၂၀၀ (၈-ကွက်) |
| မိခင်ကြီးအားရည်စူး၍ မလှလှစိန် | ဒေါ်လာ-၅၀၀ (၂၀-ကွက်) |
| ဒေါက်တာဉာဏ်ပြည့်+ဒေါက်တာစန်းစန်းထက်သော် | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| ကိုကိုထွေး+မညိုညိုစိုး သမီး မစန္ဒီစိုးထွေး | ဒေါ်လာ-၅၀ (၂-ကွက်) |
| ကိုသိန်းအောင် မိသားစု (နယူးယောက်) | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| ကိုတိုးတိုးအောင် မိသားစု (နယူးယောက်) | ဒေါ်လာ-၁၂၅ (၅-ကွက်) |
| ဒေါ်ဟန်ကြုတ် (ထိုင်း) | ဒေါ်လာ-၃၀၀ (၁၂-ကွက်) |
| ကိုကျော်စင်မောင်+မသီတာခိုင် မိသားစု | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| ကိုသာထူး+ မချစ်ချော မိသားစု | ဒေါ်လာ-၂၅ (၁-ကွက်) |
| Mr. Chien Ngyen+ မရင်ရင်ချမ်း မိသားစု | ဒေါ်လာ-၂၅ (၁-ကွက်) |
| ကိုနိုင် | ဒေါ်လာ-၂၅ (၁-ကွက်) |
| ဦးအောင်ကြိုင်+ဒေါ်မြိုင် မိသားစု | ဒေါ်လာ-၂၅ (၁-ကွက်) |
| ဒေါ်လှတင် မိသားစု | ဒေါ်လာ-၂၅ (၁-ကွက်) |
| ဒေါ်နန်းကျင်လှ မိသားစု | ဒေါ်လာ-၂၅ (၁-ကွက်) |
| ဦးဝင်းလှို+ဒေါ်ခင်စန်းမြင့် မိသားစု (ရန်ကုန်) | ဒေါ်လာ-၂၅ (၁-ကွက်) |
| ကွယ်လွန်သူ ဒေါ်ခင်မမကြီးအားရည်စူး၍ ဒေါက်တာကျော်တင့်+ဒေါက်တာမာလာမောင် မိသားစု (မလေးရှား) | ဒေါ်လာ-၁၀၀၀ (၄၀-ကွက်) |
| လင်းကလျာထွန်းမွေးနေ့အတွက် ကိုအောင်မြင့်ထွန်း+ မမြတ်သဥ္ဇာထွန်း | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| မိခင်ကြီးဒေါ်ညွန့်ရီအားရည်စူး၍ ဦးအောင်ကိုး+ဒေါ်မြင့်မြင့်သူ မိသားစု | ဒေါ်လာ-၁၀၀ (၄-ကွက်) |
| ဦးထွေး+ဒေါ်ငွေယုံ (မြန်မာပြည်) | ဒေါ်လာ-၁၀၀ (၄-ကွက်) |

## တိုက်တွန်းနှိုးဆော်ချက်

**သာသနာမြေကွက် တကွက်လျှင် (၂၅) ဒေါ်လာနှုန်းဖြင့် ကုသိုလ်အခွင့်ထူးကို မျှော်လင့်နေသူများ ဆက်လက် လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။**

*ဤစာစောင်တွင် ပါဝင်သမျှ*


| | | |
|---|---|---|
| တန်ဖိုးသိမှ တန်ဖိုးရှိသည် | အရှင်မဟောသပေက္ခိတ | စာမျက်နှာ (၁) |
| မှတ်တမ်းတင်လွှာ | | စာမျက်နှာ (၁) |
| ဘုန်းကြီးကျောင်းသို့ သွားကြမယ် | | စာမျက်နှာ (၃) |
| နိဗ္ဗာန ဆွမ်းအလှူရှင်များ | | စာမျက်နှာ (၃) |
| လက်တွဲညီညီ ဆောင်ရွက်သွား | အရှင်မဟောသပေက္ခိတ | စာမျက်နှာ (၅) |
| မဟာဝိဇ္ဇောဒယ ဆရာတော်ကြီး၏ ဆုံးမစာ | | စာမျက်နှာ (၅) |
| ဝါဆိုသင်္ကန်း အလှူရှင်များ စာရင်း | | စာမျက်နှာ (၆) |
| ကထိန်သင်္ကန်း အလှူရှင်များ စာရင်း | | စာမျက်နှာ (၇) |
| အထွေထွေ အလှူရှင်များ စာရင်း | | စာမျက်နှာ (၁၁) |
| မင်းကွန်းဆရာတော်ဘုရားကြီး၏ ဆုံးမစာ | | စာမျက်နှာ (၁၄) |
| Mortgage အလှူရှင်များ စာရင်း | | စာမျက်နှာ (၁၅) |
| ပီတိကိုစား၍ မွေ့အားကို မွေးကာ | မွေ့ပါလ | စာမျက်နှာ (၁၇) |
| ကုသိုလ်ရေးမို့ ကြိုးစားမည် | မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး | စာမျက်နှာ (၁၉) |
| Three Years Finance Report | | စာမျက်နှာ (၂၀-၂၁-၂၂-၂၃) |
| သာသနာမြေကွက် အလှူရှင်များ စာရင်း | | စာမျက်နှာ (၂၃) |